Market Commentary

# Myanmar Thilawa SEZ Holdings

**KBZSC Securities Trading** April 5, 2019

## MTSH ရှယ်ယာတွင်ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အရေး

### Investing in MTSH

MTSH ရှယ်ယာသည် လက်ရှိအချိန်တွင် တစ်စုလျှင် ကျပ် ၂,၈၅၀ ဝန်းကျင်တွင် ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။ ရန်ကုန်စတော့အိတ်ချိန်း ၏ နောက်ဆုံး (၁) နှစ်ကျော် ရှယ်ယာဈေးနှုန်းအချက်အလက်များအရ MTSH ရှယ်ယာ၏ ဈေးနှုန်း မှာအပြောင်းအလဲနည်းခဲ့ပြီး ကျပ် ၂,၇၀၀ နှင့် ၂,၈၀၀ ဝန်းကျင်တွင် ဈေးကွက်ဝယ်လိုအား ပုံမှန်ရှိခဲ့သည်ကိုတွေ့ရသည်။ လက်ရှိရှယ်ယာတစ်စုဈေးကွက်ပေါက်ဈေးဖြစ်သည့် ကျပ် ၂,၈၅၀ အပေါ် အခြေခံပါက ကုမ္ပဏီမှ အစုရှယ်ယာရှင်များကို နောက်ဆုံးခွဲဝေသည့် အမြတ်ဝေစုအချိုးမှာ ၈% ခန့်ရှိခဲ့သောကြောင့် MTSH ရှယ်ယာအပေါ် ဈေးကွက်ဝယ်လိုအားပုံမှန်ရှိခြင်း

The price of MTSH seems to be holding well at this level. Based on historical data, there seems to be consistent volume support between 2,700 to 2,800 MMK region. One reason could be due to the attractive dividends that MTSH paid out in the past. At the current price of 2,850 MMK, MTSH current dividend yield is at an attractive 8%.

Historically, MTSH has consistently paid out annual dividends ranging from 200 to 260 MMK

### MTSH Closing Prices (May 2016 – March 2019)




*Source: Yangon Stock Exchange*

လည်းဖြစ်နိုင်ပါသည်။

ပြီးခဲ့သည့် (၄) နှစ် အတွင်း MTSH ရှယ်ယာသည် အမြတ်ဝေစုအနေဖြင့် တစ်စုလျှင်အနည်းဆုံး ကျပ် ၂၀၀ နှင့် အများဆုံး ကျပ် ၂၆၀ အထိ နှစ်စဉ်ပုံမှန်ခွဲဝေခဲ့သည်ကို တွေ့ရပါသည်။ နောက်ဆုံးဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီသည် ရှယ်ယာတစ်စုလျှင် ကျပ် ၂၃၀ ကိုအစုရှယ်ယာရှင်များသို့ ခွဲဝေပေးခဲ့ပါသည်။ နိုင်ငံခြားသားများအနေဖြင့်လည်း ရန်ကုန်စတော့အိတ်ချိန်းတွင် မကြာမီရှယ်ယာအရောင်းအဝယ်များပြုလုပ်ခွင့်ရရှိတော့မည်ဖြစ်သည်။ ရှယ်ယာ၏ လက်ရှိဈေးကွက်ပေါက်ဈေး အမြတ်ဝေစုပုံမှန်ခွဲဝေသည့် မှတ်တမ်းနှင့် ကုမ္ပဏီ၏ အလားအလာများကြောင့် MTSH ရှယ်ယာမှာ နိုင်ငံခြားသားများစိတ်ဝင်စားသည့်ရှယ်ယာ တစ်စုဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် လက်ရှိအချိန်သည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအဖို့ MTSH ရှယ်ယာတွင် ရေတို-ရေရှည်ရင်းနှီးမြှုပ်နှံရန်အချိန်ကောင်းတစ်ရပ်ဖြစ်နိုင်သည်ကို KBZSC မှ လေ့လာတွေ့ရှိရပါသည်။

per share. In the latest financial year, the company paid out the dividend amount of 230 MMK per share. With the opening up of the stock market to foreigners soon, MTSH could be one company foreign investors will be keen to buy considering the company’s current share price, consistent dividend history and its future prospects. Therefore, we observe that now is the time of opportunity for local investors to consider MTSH as an attractive investment not just in short-term but also in long-term at YSX.

## KBZSC Securities Trading Department Contact Details


| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 – 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM – 4:30 PM (Monday – Friday) |



*Disclaimer:*

*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*